ကြီးဖြစ်နေကာ သူမတို့ အပြင် ဝင်သူလည်း မရှိ ထွက်လာသူလည်း မရှိ။

"မယ်မင်း ... ငါတို့ ပြန်လစ်ရအောင်"

ပပက မယ်မင်းလက်ချောင်းကလေးတွေကို ဆုပ်ကိုင်၍ ပြောသည် ။

"ဘာလို့ လစ်ရမှာ လဲ ... ဝင် လာပြီးမှ ရှက်စရာကြီး"

"ထိုင်စရာမှ မရှိတာ ... ကိုယ့်ကို ဘယ်သူမှ လည်း ခေါ်တာ မဟုတ်ဘူး "

"ဘယ်သူက ငါတို့ ကိုသိလို့ ခေါ်ရမှာ လဲ ... လာ ... သွားမယ်"

သူတို့ နှစ်ယောက် အကြိတ်အနယ် ငြင်းခုန်နေကြဆဲ မေးရိုးကားကား နှာတံစင်းစင်းနှင့် မျက်နှာကျပုံ လွန်စွာလှပသည့် ပြင်သစ်ကပြားအမျိုးသမီးက သူမတို့ ကို လှမ်းမြင်သွားသည် ။

ငေးခနဲ တစ်ချက်ကြည့်ပြီးမှ ခြုံထားသော ပိုးပဝါပါးကို ပခုံးပေါ် တစ်ချက်ဆွဲတင်၍ လျှောက် ထွက်လာသည် ။

မယ်မင်းက နက်စွေးသော သူမရဲ့ ကျောပိုးအိတ်လေးကို သိုင်းကြိုးမှ လက်မလေး နှစ်ဖက်တင် ချိတ်ရင်း အမျိုးသမီးကို ပြုံးပြလိုက်သည် ။

"ညှော့ခံပွဲကို တက်တာဆိုရင် ဝင်လာလို့ ရပါတယ်ကွယ်"

မြန်မာသံက မပီချင်။

တစ်ယောက်က ကျောပိုးအိတ်နှင့် တစ်ယောက်က သေးငယ်သော ပိုက်ဆံအိတ်ပြားလေးကို သာ ကိုင်ထားလျက် မန္တမ်းပေမဲ့ တောက်ပစွာ ဝတ်စားပြင်ဆင်ထားတာမျိုးလည်း မဟုတ်သောအခါ ညှော့ခံပွဲကို တက်ရောက်ဖို့ လာသည် မဟုတ်မှန်း သိနေမှာ ဖြစ်သော်လည်း အမျိုးသမီးက သိမ်မွေ့သည် ။

